# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

# အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

# နည်းပညာတက္ကသိုလ်(သန်လျင်)

## မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(သန်လျင်)တွင် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ( ၂၁ ) ရက်တွင် စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

**မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများ**

(က) မြို့ပြအင်ဂျင်နီယာ
(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) စက်မှုအင်ဂျင်နီယာ
(င) သုတနည်းပညာအင်ဂျင်နီယာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း ( ၁ )နှစ်နှင့် သုတေသနကျမ်းပြု သင်တန်း ( ၁ )နှစ် စုစုပေါင်း ( ၂ )နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း ( Course Work ) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဝင်ရောက် ဖြေဆိုခွင့်ပြုမည်ဖြစ်သည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူ များဖြစ်ရမည်။
(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများသည် တစ်ဆက်တည်း လုပ်သက် ( ၂ ) နှစ်ပြည့်ပြီး လက်ရှိ တာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့် လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏ နေရာအတွက် လုပ်ငန်းတာဝန် ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးတို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(**မူရင်းနှင့်မိတ္တူ**)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓါတ်ပုံ ( **၃** )ပုံနှင့် မဟာအင်ဂျင်နီယာဘွဲ့သင်တန်း များသို့ တက်ရောက်ရန်အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက်(**မူရင်းနှင့်မိတ္တူ**) တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို နည်းပညာတက္ကသိုလ်(သန်လျင်)၌ ( ၄ - ၁၁ - ၂၀၂၄ )ရက် ( တနင်္လာ )နေ့မှ စတင်ထုတ်ပေးမည်ဖြစ်ပြီး ( ၁၂ - ၁၁ - ၂၀၂၄ )ရက် ( အင်္ဂါ )နေ့ နောက်ဆုံးထား၍ နည်းပညာတက္ကသိုလ်(သန်လျင်)သို့ ပေးပို့ လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို ( ၁၃ - ၁၁ - ၂၀၂၄ )ရက် ( ဗုဒ္ဓဟူး )နေ့တွင် စတင်ထုတ်ပေးမည် ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို နည်းပညာတက္ကသိုလ်(သန်လျင်)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

| **နေ့ရက်** | **ဖြေဆိုရမည့်ဘာသာရပ်** | **ဖြေဆိုရမည့်အချိန်** |
|---|---|---|
| ( ၁၈ - ၁၁ - ၂၀၂၄ ) ရက် ( တနင်္လာ ) နေ့ | အင်္ဂလိပ်စာ | နံနက် ( ၉း၀၀ ) နာရီမှ ( ၁၂း၀၀ ) နာရီ |
| ( ၁၉ - ၁၁ - ၂၀၂၄ ) ရက် ( အင်္ဂါ ) နေ့ | သက်ဆိုင်ရာဘာသာရပ် | နံနက် ( ၉း၀၀ ) နာရီမှ ( ၁၂း၀၀ ) နာရီ |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(**မူရင်း**)ကို တစ်ပါတည်း ယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို ( ၂၀ - ၁၁ - ၂၀၂၄ )ရက် ( ဗုဒ္ဓဟူး )နေ့တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ( ၂၀ - ၁၁ - ၂၀၂၄ )ရက် ( ဗုဒ္ဓဟူး )နေ့ မှစ၍ နည်းပညာတက္ကသိုလ်(သန်လျင်)တွင် ပြုလုပ်မည်ဖြစ်သည်။ မဟာဘွဲ့ သင်တန်းတက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို ( ၂၁ - ၁၁ - ၂၀၂၄ )ရက် ( ကြာသပတေး )နေ့တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်သည်။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက နည်းပညာတက္ကသိုလ်(သန်လျင်)၊ ဖုန်း - ၀၉ - ၂၆၄၈၃၃၃၉၃ သို့ ဆက်သွယ်မေးမြန်း စုံစမ်း နိုင်ပါသည်။

**သင်တန်းရေးရာဌာန**

**နည်းပညာတက္ကသိုလ်(သန်လျင်)**